မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ်(၃၂၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒေသဆီဖူလုံရေး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး အထွက်နှုန်းကောင်းမွန်ရေး မျိုးကောင်းမျိုးသန့်ရွေးချယ် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲ

နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခွဲတွင် လားရှိုးမြို့ ရွှေလီရတနာခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန *စာမျက်နှာ ၉ ကော်လံ ၅* ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တန့်ယန်းမြို့နယ် ပတ္တမြားဥယျာဉ်ကုမ္ပဏီ၏ ဂူးလုံ(အထွက်တိုး) လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အကောင်းဆုံးကြိုးစား ပြိုင်ပွဲအတွေ့အကြုံရှိထားပြီးဖြစ်၍ ပိုမိုအောင်မြင်ရန် အထူးဂရုစိုက်

ရန်ကုန် ဩဂုတ် ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စင်ကာပူတပ်မတော်၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ ဩဂုတ် ၂၆ ရက်တွင် ကျင်းပမည့် ၂၀၀၇ခုနှစ် စင်ကာပူတပ်မတော် မာရသွန်တစ်ဝက်အပြေးပြိုင်ပွဲ (Singapore Army Half Marathon.2007) ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံအားပေးစကား ပြောကြားပြီး ပို့ဆောင်နှုတ်ဆက်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူတပ်မတော်၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် ၂၀၀၇ ခုနှစ် စင်ကာပူတပ်မတော် မာရသွန်တစ်ဝက်အပြေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းနှင့် သစ်မာ သစ်လုံး၊ သစ်ခွဲသားများကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် ရောင်းချမည်

ရန်ကုန် ဩဂုတ် ၂၁

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းသည် ကျွန်းနှင့် သစ်မာ သစ်လုံး၊ သစ်ခွဲသားများကို လစဉ်တင်ဒါစနစ်၊ ချိပ်ပိတ်တင်ဒါစနစ်နှင့် လေလံစနစ်တို့ဖြင့် ပြည်တွင်း ပြည်ပဈေးကွက်များသို့ ရောင်းချလျက်ရှိရာ ဩဂုတ် ၂၄ ရက် နှင့် ၂၇ ရက်တို့တွင်လည်း အလားတူ ရောင်းချခြင်းကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)တွင် ဆောင်ရွက်မည်ဖြစ်ပြီး ဝယ်ယူလိုသူများသည် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး၊ အာမခံကြေးများအား ဩဂုတ် ၂၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

ကျင်းပမည်

ပြည်ပဈေးကွက်သို့ ကျွန်းနှင့်သစ်မာ သစ်လုံး၊ သစ်ခွဲသားများ ရောင်းချရာတွင် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို *စာမျက်နှာ ၁၂ ကော်လံ ၁* ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၂ ရက်)

ဒေသခံတောင်သူများအတွက် အကျိုးပြုမည့် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝွေးချိုရေလှောင်တမံ

နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိစေရန် ဆည်တမံနှင့် မြစ်ရေတင်လုပ်ငန်းများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ဝွေးချိုရေလှောင်တမံကို ဩဂုတ်၁၉ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းရေလှောင်တမံသည် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်က တည်ဆောက် ဖွင့်လှစ်ခဲ့သည့် ရေလှောင်တမံများအနက် ၂၀၂ ခုမြောက် ဖြစ်သည်။

ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ခု အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ၄၇ ခု တည်ဆောက်လျက်ရှိရာ ယခုဖွင့်လှစ်သည့် ဝွေးချိုရေလှောင်တမံသည် ၂၉ခုမြောက် ဖြစ်သည်။

ယင်းရေလှောင်တမံသည် ဆင်မဝင်းချောင်းပေါ်တွင် တည်ရှိပြီး အကျိုးပြုဧက ၄၀၀ ဖြစ်သည်။ ဝွေးချိုတမံ ဖွင့်လှစ်နိုင်ခဲ့၍ ပခုက္ကူခရိုင်တွင် ဆည်ရေသောက်ဧရိယာ ၄၄၉၇ဧက တိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်သည်။

ပခုက္ကူခရိုင်တွင် ယခင်က မိုးကောင်းရေသောက် လယ်ယာမြေများသာ အများဆုံးရှိခဲ့သည်။ ယခုအခါ နိုင်ငံတော်၏ ကျေးဇူးကြောင့် ဆည်အစုအဖွဲ့များ တိုးပွားလာပြီး တောင်သူတို့ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။

သို့ဖြစ်ရာ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝွေးချိုရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်၍ ဒေသဆန်ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုရုံသာမက ဒေသနေ တောင်သူများ၏ လူမှုစီးပွားဘဝပါ တိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓမ္မကထိက ဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟဆန်လှူအသင်းကြီး၏ (၈၁) ကြိမ်မြောက် အကျိုးတော်ဆောင် ဓမ္မကထိကဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲနှင့် အလှူငွေကျပ်လေးသောင်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုပွဲကို အသင်းတိုက် တည်ရာ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၉တွင် ဩဂုတ် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် စေတနာရှင် အလှူရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ သိမ်ကုန်းကျောင်းတိုက်၌ စက်တင်ဘာ ၁ရက် (စနေနေ့)တွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၁၉၉ နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒါယကာ ဦးလင်းကြည်–ဒါယိကာမ ဒေါ်ဥမ္မာသွင်၊ သမီး မယွန်းသီရိလင်း၊ သား မောင်လင်းပြည့်အောင် မိသားစု (Robinအင်ဂျင်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး)က ကျောင်းတိုက်ရှိ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး ဧည့်ပရိသတ်အပေါင်းတို့အား နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်ပြီး မွန်းတည့် ၁၂နာရီတွင် သိမ်ကုန်းကျောင်းတိုက်၏ ဦးဆောင်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရ၊ ဓမ္မာစရိယ မဟာဝိဇ္ဇာ ကိုလံဘို)ထံမှ တရားတော်များ နာယူမည်ဖြစ်ရာ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

တရုတ်နှင့် ကာဇက်စတန် ကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်မည်

အက်တာနာ ဩဂုတ် ၂၁

တရုတ်သမ္မတ ဟူကျင်တောင်သည် ကာဇက်စတန်သမ္မတ နူရာစူလ်တန်နာဇာဘာယက်ဗ်နှင့် ကာဇက်စတန်နိုင်ငံ အက်တာနာမြို့၌ ဩဂုတ် ၁၈ရက်ကတွေ့ဆုံစဉ် အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်ပြောကြားခဲ့သည်။

တရုတ်သမ္မတ ဟူကျင်တောင်သည် ဩဂုတ် ၁၇ရက်က ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး နယ်ပယ်ကဏ္ဍအသီးသီး၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဆွေးနွေးခဲ့သည်။

ချစ်ကြည်ရင်းနှီးမှု

ထို့အပြင် နှစ်နိုင်ငံတို့အနေဖြင့် စစ်ဘက်ရေးရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ကြရန်လည်း ဆွေးနွေးခဲ့ကြသည်။ တစ်ဖန် နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန် အလည်အပတ်ခရီးစဉ်များမှ တစ်ဆင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုဖြစ်ထွန်းလာရေးကိုလည်း ဆောင်ရွက်သွားကြမည် ဖြစ်သည်။

ပူးတွဲတိုက်ဖျက်

ထို့အပြင် ဒေသအတွင်း ခြိမ်းခြောက်လျက်ရှိသည့် အကြမ်းဖက် တိုက်ခိုက်မှုများကိုလည်း ပူးတွဲတိုက်ဖျက်ရန် ကြိုးစားသွားကြမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်း တန်းတော်ကြီး တည်ဆောက်ရန်အတွက် ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာ တိုက် အမှတ် (၁၀) အခန်းနံပါတ် (၁၆)နေ ဗိုလ်မှူးကြီးချစ်တင်(ငြိမ်း)အားရည်စူး၍ ဇနီး ဒေါ်ကြင်ကြင်၊ သားသမီး၊ မြေးတစ်စုတို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးဘချိုတို့က လက်ခံယူစဉ်။ (က–ပ)

နယူးဇီလန်၌ ကလေးမွေးဖွားမှုနှုန်း တိုးမြင့်လာ

ဝယ်လင်တန် ဩဂုတ် ၂၁

နယူးဇီလန်နိုင်ငံ၌ ၁၉၉၂ ခုနှစ်မှ စတင်ကာ ကလေးမွေးဖွားမှုနှုန်း တိုးမြင့်ခဲ့ရာ ၂၀၀၇ခုနှစ် ဇွန်လအထိ ကလေးမွေးဖွားမှုနှုန်းမှာ ၃၃၁၅၀ ရှိခဲ့ကြောင်း နယူးဇီလန်နိုင်ငံအစိုးရက ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်သော စာရင်းအင်းများ၌ ဖော်ပြသည်။

၂၀၀၇ ခုနှစ်ကုန်အထိ ကလေးမွေးဖွားမှုနှုန်းမှာ ၆၁၆၁၀ ရှိလာမည်ဖြစ်ရာ ၂၀၀၆ ခုနှစ်ကထက် ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း သိရသည်။

ခန့်မှန်းထား

နယူးဇီလန်အမျိုးသမီးများအနေဖြင့် အသက် ၃၀ မှ ၃၄နှစ်အတွင်း မွေးဖွားနှုန်းမြင့်မားကြကြောင်း သိရသည်။ ယခုမွေးဖွားသော ကလေးငယ်များတွင် မိန်းကလေးများသည် အသက် ၈၁ နှစ်ခန့် သက်တမ်းနှင့် ယောကျ်ားကလေးများမှာ အသက် ၇၇ နှစ်ခန့် သက်တမ်းအထိ နေထိုင်နိုင်ကြောင်း နယူးဇီလန်ပညာရှင်များက ခန့်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

The Commerce Journal အတွဲ(၇)၊ အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၁

The Commerce Journal အတွဲ(၇)၊ အမှတ်(၂၄)ကို ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် မြန်မာ–ဗီယက်နမ် စီးပွားရေး ဖိုရမ်၊ ကြော်ငြာ တီဗွီကြီးတစ်ခု မြေနီကုန်းတွင် တပ်ဆင်မည်၊ ရန်ကုန်စည်ပင်က အသား ထုတ်လုပ်ခြင်းကို စစ်ဆေးကြပ်မတ်နေ၊ သွင်းကုန်လိုင်စင်ကြေး ပေးသွင်းရန် အသိပေးကြေညာချက်၊ ကြက်မွေးမြူသူများ အရှုံးခံရောင်းနေ၊ CNG သုံးယာဉ်များ ဈေးမာလာနိုင်၊ ငြိမ်နေတဲ့ အိမ်၊ခြံ၊မြေဈေးကွက် ဝါကျွတ်အထိ အေးနေဦးမှာလား၊ သိုးနှင့်ဆိတ် မွေးမြူသူများလာ၊ ပြည်ပသို့ပို့ကုန် မြန်မာ့ဆီးသီးခြောက်၊ တရုတ်ဈေးကွက်သို့ ပဲတီစိမ်းအရောင်းသွက်၊ အစုရှယ်ယာ အရောင်းအဝယ် သွက်နေတဲ့ FMI Trading Center၊ ဒေါ်လာသည် အားပျော့ငွေကြေးလား၊ ရေနံစွဲသူတို့အတွက် ဆေးတစ်လက်၊ ပြည်ပအကြိုက် ရွှေပုစွန်၊ ဆံကေသာ ဒီဇိုင်းမျိုးစုံ ပြုလုပ်နိုင်တဲ့ Lolane စသည့် သတင်းများနှင့်အတူ မောင်စူးစမ်း၊ ဦးဟန်ထွန်း၊ အောင်သင်း၊ မောင်မောင်ရီ (ဘောဂဗေဒ)၊ ကြည်ခင်၊ မောင်ပုဆိုးကြမ်း၊ ဒေါက်တာထိန်လင်းတို့၏ ဆောင်းပါးများ ပို့ကုန်သွင်းကုန်ခွင့်ပြုသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ရန်ကုန်မြို့၏ စားကုန်နှင့် လူသုံးကုန်ဈေးနှုန်းစာရင်းများကို သတင်းအချက်အလက် ခိုင်ခိုင်မာမာနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂–၈–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၁၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ England Home Game Matches (2007-2008) ဘောလုံးပွဲ England Vs Romania (SDD)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ရေကြီးရေလွှမ်းကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဩဂုတ် ၁၉ရက် ညနေပိုင်းတွင် ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ် ဖောင်ဆိပ်ကျေးရွာသို့ ရောက်ရှိပြီး ရေကြီး ရေလွှမ်းခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ် လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က မြို့နယ်အတွင်း ရေကြီးခဲ့မှုဖြစ်စဉ်များ နှင့် ကြိုတင်ကာကွယ် တားဆီးမှုအစီ အမံများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးညွန့်ဦးက အသင်းမှပါဝင် ပူးပေါင်း ကူညီမှုများနှင့် ကြိုတင် ကာကွယ်တားဆီးမှုနှင့် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးက အမှာစကားပြော ကြားသည်။

ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးစိုးကိုကိုက ပေးအပ် လှူဒါန်းသည့် ရေသန့်စင်ပစ္စည်းများ သုံးစွဲပုံစနစ်ကို ရှင်းလင်းပြသသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးက စစ်ကုန်းကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာမှ အိမ်ထောင်စုဝင် များသို့ ဆန်ဆိတ် ၂၀၊ အဝတ်အထည် အစုံ၃၀၀ နှင့် ရေသန့်စင်ပစ္စည်း အစုံ ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ ကိုယ်စားလှယ်များက လက်ခံကြ သည်။

ယင်းနောက် ဟသ်ာတမြို့ ဆန် စက်ပိုင်ရှင်များ စုပေါင်းလှူဒါန်းသည့် ဆန်အိတ် ၆၀၊ မြို့ပေါ် စေတနာရှင် များက ငွေကျပ်တစ်သိန်း တန်ဖိုးရှိ အိမ်သုံးဆေးပစ္စည်းမျိုးစုံကို ပေးအပ် လှူဒါန်းကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဖောင်ဆိပ်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးမိုးဇော်ဝင်းက ကျေးဇူး တင်စကား ပြောကြားသည်။

ဆက်လက်၍ ဗဟို အလုပ်အမှု ဆောင် ဝန်ကြီးသည် ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရေကြီးရေလွှမ်းခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ဇလွန်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးယဉ်ထွေးက ရေကြီးရေလွှမ်းမှု အခြေအနေများကိုလည်းကောင်း၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးလှခိုင်က မြို့နယ်အတွင်း ရေကြီးခဲ့မှုများတွင် အသင်းကြီးက ပါဝင်ပူးပေါင်းဆောင် ရွက်ပေးခဲ့မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးစိုးကိုကိုက ပေးအပ် လှူဒါန်းသည့် ရေသန့်စင်ပစ္စည်းများ သုံးစွဲပုံစနစ်ကို ရှင်းလင်းပြသသည်။

ကမ်းနားကျေးရွာ

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးက ရေကြီးခဲ့သော ကမ်းနားကျေးရွာမှ အိမ်ထောင်စုဝင် များသို့ ဆန်အိတ် ၅၀၊အဝတ်အထည် အစုံ ၉၀၀နှင့် ရေသန့်စင်ပစ္စည်း အစုံ ၄၀၀ တို့ကို ပေးအပ်ရာ ကျေးရွာ ကိုယ်စားလှယ်များက လက်ခံသည်။

ယင်းနောက် ကမ်းနားကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးကျော်ဦးက ကျေးဇူးတင် စကား ပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာသဖြင့် အရာတော်မြို့နယ်မှပါတီဝင် ၂၃၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၁

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးပေါ၊ ဦးစိန်ကျော်၊ ဒေါ်မာမာဌေး၊ ဦးမြင့်လှိုင်၊ ဦးထွန်းကြိုင်၊ ဦးမြင့်သန်း၊ ဦးသန်းထွန်း၊ ဦးနေလင်း၊ ဦးကျော်မိုးတို့ အပါအဝင် ပါတီဝင် ၂၃၄ ဦးတို့သည် ဩဂုတ် ၁၁ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အရာတော်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံနှင့်လူမျိုးအကျိုးကို ဖော်ဆောင်ခြင်းမရှိဘဲ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ အဖျက်လုပ်ရပ်များကိုသာ ရေးရူဆောင်ရွက်လျက်ရှိသဖြင့် ယင်းတို့၏လုပ်ရပ်များကို စိတ်ပျက်လာသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမည့်မူကို ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်"

ဆိုသည့်စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်"

လို့ အသေးစိတ် အခြေခံရမည့်မူကို ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အတိုင်း တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ကို ပြင်ဆင်ချမှတ်သင့်ကြောင်း ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

"တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သောအချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူ ထောက်ခံပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ်၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်တာဟာ သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာ မူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့က–

"တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄)၊ အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၍ ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီးသည့်အတွက် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ (၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ်၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ်၆ အပိုဒ်ခွဲ (၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

စာမျက်နှာ ၄ ကော်လံ ၁ သို့

22-8 (03) 1 8/22/07, 4:07 AM

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းခေါင်းစဉ် (၁၅)ခု အနက် 'နိုင်ငံတော်အခြေခံမူများ'အခန်းနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အခြေခံမူ ၁၀၄ ချက်ရဲ့အောက်တွင် မှတ်ချက်အဖြစ်–

"ထိုသို့ နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ချမှတ်သည့် အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်–

- **သက်ဆိုင်ရာအခန်းအတွက် အခြေခံရမယ့်မူများ ဆွေးနွေးသည့်အခါ ထိုချမှတ်ထားသည့် အခြေခံရမည့်မူများကို အခြေခံအဖြစ်ထားရှိ ဆောင်ရွက်ရန်၊**
- **ထိုချမှတ်ထားသည့် အခြေခံရမည့်မူများအနက်–**
  - **နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် ဖော်ပြသင့်သည့် မူများကို နိဒါန်းမှာလည်းဖော်ပြရန်၊**
  - **နိုင်ငံတော်နှင့် စပ်လျဉ်းသည့်မူများကို နိုင်ငံတော်အခန်း ခေါင်းစဉ်ဖြင့် သီးခြားဖော်ပြရန်၊**
  - **သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းသည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသည့်အခါ ထိုအခန်းသို့ ပြောင်းရွှေ့ဖော်ပြရန်၊**
  - **နိုင်ငံတော်အခြေခံမူများအခန်းနှင့် စပ်လျဉ်းသည့် မူများကို နိုင်ငံတော်အခြေခံမူများ အခန်းမှာပင် ဆက်လက်ဖော်ပြရန်"**

လို့ ဖော်ပြခဲ့ပါတယ်။

အသေးစိတ်အခြေခံရမည့်မူများတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့လို့ ဆက်လက်ဖော်ပြခြင်းမပြုတော့တဲ့ အခြေခံမူများကို အသေးစိတ်တင်ပြရရင်–

နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–

၁။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်မည်။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–

၃။ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်မည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိမည်။

၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါအခွင့်အရေးတွင် မပါဝင်စေရ။

၈။ ထိုသို့ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၀။ နိုင်ငံတော်သည် အစ္စလမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာ ဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်။

၁၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၁၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော် လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၁၃။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ ရရှိစေရန် ကူညီမည်။

အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–

၁၄။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။

၁၅။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ အသေးစိတ်အခြေခံရမယ့်မူများပဲ ဖြစ်ပါတယ်။

ဒါကြောင့် အထက်မှာတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့ကြောင်း သုံးသပ်ရရှိသဖြင့် ဆက်လက်ဖော်ပြခြင်းမပြုတော့ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်" လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းခေါင်းစဉ် (၁၅)ခု အနက် **"နိုင်ငံတော်အခြေခံမူများ"** အခန်းနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရာတွင် သက်ဆိုင်ရာအခန်းနှင့် စပ်လျဉ်းတဲ့မူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြခဲ့ပါတယ်။ ထိုကဲ့သို့ ပြောင်းရွှေ့ဖော်ပြချက်အရ **"နိုင်ငံတော်အခြေခံမူများ"** အခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့သည့် **"နိုင်ငံတော်အကြီးအကဲ"**အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အသေးစိတ် အခြေခံမူ ၂ ချက်၊ **"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ"** အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အသေးစိတ်အခြေခံမူ ၁၁ ချက်နှင့် **"အထွေထွေပြဋ္ဌာန်းချက်များ"** အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အသေးစိတ်အခြေခံမူ ၂ ချက် စုစုပေါင်း အသေးစိတ်အခြေခံရမယ့်မူ ၁၅ချက်ကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် **"နိုင်ငံတော်အခြေခံမူများ"** အခန်းတွင် ဆက်လက်ဖော်ပြခြင်း မပြုတော့ပါကြောင်း ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်း၍လည်း လျော်ကန်သင့်မြတ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့် မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း(၁)ချက် စုစုပေါင်း (၁၅)ချက် ပါရှိတာကို လေ့လာတွေ့ရှိရကြောင်း၊ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ခေါင်းစဉ်(၁၅)ခု အနက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဖော်ပြခဲ့သည့် အချက်အချို့မှ နိုင်ငံတော်အကြီးအကဲ အခန်းသို့ အချက်(၂)ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့(၁၁)ချက်၊ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းသို့ (၂)ချက် ပြောင်းရွှေ့ဖော်ပြခြင်းကို ထောက်ခံအပ်ပါသည်"

လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

နိုင်ငံတော် အကြီးအကဲအခန်းသို့ အချက် (၂)ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ (၁၁)ချက်၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းသို့ (၂)ချက် ပြောင်းရွှေ့ဖော်ပြခြင်းကိုထောက်ခံ။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်အကြီးအကဲအခန်းသို့ အချက်(၂)ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့(၁၁)ချက်၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့(၂)ချက် ပြောင်းရွှေ့ဖော်ပြခြင်းကို ထောက်ခံအပ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၁၄ တွင် နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အချက်(၂)ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်အချက် (၁၁)ချက်၊ အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အချက်(၂)ချက်တို့ဟာ အသေးစိတ်အခြေခံမူများ ဖြစ်ပါတယ်"

လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြသော အသေးစိတ်အခြေခံရမယ့်မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့ အခြေခံမူများအနက် နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်အမှတ်စဉ် (၁)မှ (၂)သည် လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အမှတ်စဉ်(၃)မှ (၁၃)သည် လည်းကောင်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အမှတ်စဉ်(၁၄)နှင့် (၁၅)သည် လည်းကောင်း သင့်တော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှ

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

ယခုအခါမှာ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း၊ မြို့တော်ကို နေပြည်တော်ဟု ပြောင်းလဲပြီးဖြစ်ခြင်းတို့အတွက် အထက်ဖော်ပြပါ စကားရပ်များအစား **"နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်သည် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ပင် ဖြစ်ကြောင်း"** ပြင်ဆင်ချမှတ်ခြင်းမှာလည်း သင့်တော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၊ အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်း မြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

ဆိုတဲ့ စကားရပ်အစား–

"တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့သည့်အတွက် ပယ်ဖျက်သင့်

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ၆ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၂၀၀၅ခုနှစ် မတ်လ၃ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"လို့ ဖော်ပြခဲ့ပါတယ်။

၂၀၀၇ခုနှစ် ဩဂုတ်လ၂ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်(၅)တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"လို့ ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမည့်မူများဟာ စကားရပ်အတူတူဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်တာ တွေ့ရှိရပါတယ်။ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြခြင်းက ပိုမိုဆီလျော်မည်ဟု သုံးသပ်ရရှိပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ယင်းအသေးစိတ်အခြေခံရမယ့်မူနဲ့ သဘောအဓိပ္ပာယ်ချင်းတူညီသည့် ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ၂၂၆၊ ပုဒ်မခွဲ(၁)ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်၁၅ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်" လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)နှင့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းတွင်ပါရှိသည့် အပိုဒ်၅မှာ စကားရပ်အတူတူဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်တဲ့အတွက် "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ"အခန်းမှာဖော်ပြခြင်းက ပိုမိုဆီလျော်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်၁၅ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားချက်နှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက်(၈)ချက်၊ ပြင်ဆင်ခြင်းအတွက်(၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း(၁)ချက် စုစုပေါင်း(၁၅)ချက် ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"၂၀၀၅ခုနှစ် မတ်လ၃ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ်၁၅ အပိုဒ်ခွဲ(၅)တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"လို့ ဖော်ပြချက်ကို ၂၀၀၇ခုနှစ် ဩဂုတ်လ၂ရက်နေ့တွင်လည်း "ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ်(၅)တွင် ထပ်တူစကားရပ်များဖြစ်သည့် အသေးစိတ်အခြေခံရမယ့်မူ ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ၂၂၆၊ ပုဒ်မခွဲ(၁)ကို ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြထားတာ တွေ့ရှိရတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့ဘဲ ပယ်ဖျက်မည့်ကိစ္စသည် မှန်ကန်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)ကို ပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီက–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေး တင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက –

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အချက်(၁၅)ချက်ကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြသင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက် စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အချက်(၁၅)ချက်ကို သက်ဆိုင်ရာ အခန်းများသို့ ပြောင်းရွှေ့ဖော်ပြသင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အချက် (၁၅)ချက်ကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြသင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အသေးစိတ်အခြေခံရမယ့်မူ(၁၅)ချက်ကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီး ဖြစ်သည့်အတွက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အသေးစိတ်အခြေခံရမယ့်မူ (၁၅)ချက်ကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြသင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"အသေးစိတ်အခြေခံရမယ့်မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့ အခြေခံမူများအနက် အချို့အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများအခန်းတွင်လည်း ဆက်လက်ဖော်ပြထားသင့်သလို အချို့အခြေခံမူများဟာ နိုင်ငံတော် အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့ကြောင်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်း ဆက်လက်ဖော်ပြခြင်း မပြုသင့်တော့ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

"အသေးစိတ်အခြေခံရမယ့်မူများအဖြစ် အခြေခံမူ ၁၀၄ ချက်ကို ချမှတ်စဉ်ကတည်းက အချို့သော အချက်များကို ခေါင်းစဉ်အလိုက် ရွှေ့ပြောင်းသင့်သည်များကို ရွှေ့ပြောင်းချမှတ်ခဲ့ပြီးဖြစ်ခြင်းကြောင့် ရွှေ့ပြောင်းချမှတ်ခဲ့ပြီးဖြစ်တဲ့ အချက်များကို နိုင်ငံတော်အခြေခံမူများအခန်းမှာ ဆက်လက်ဖော်ပြခြင်းမှာ မသင့်လျော်တော့ကြောင်း သုံးသပ်ရရှိပါတယ်။ သို့အတွက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော် အခြေခံမူများအခန်းနှင့်စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်စဉ်က အခြေခံမူ ၁၀၄ ချက်အောက်တွင် မှတ်ချက်အဖြစ် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်တာဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် အခြေခံမူပါ အချက်များကို ၎င်းတို့နှင့် သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြခြင်းကြောင့် လိုက်လျောညီထွေရှိတာ တွေ့ရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်လို့ နိုင်ငံတော် အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြခြင်း မပြုတော့ကြောင်း ရှင်းလင်းပြောကြားချက်မှာ လွန်စွာသင့်မြတ်ပါသဖြင့် ရှင်းလင်းပြောကြားချက်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အသေးစိတ်အခြေခံရမယ့်မူ (၁၅)ချက်ကို သက်ဆိုင်ရာအခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့ကြောင်း သုံးသပ်ရရှိသဖြင့် ဆက်လက်ဖော်ပြခြင်းမပြုတော့ခြင်းကို ထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

22-8 (05) 1 8/22/07, 4:07 AM

အမျိုးသားညီလာခံကချမှတ်ပေးသော အခြေခံရမည့်မူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမယ့်မူနှင့် အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်ခွင့်ပြုသင့်

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“ယခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက သဘောတူချမှတ်မယ်ဆိုပါက နောင်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့် အခန်း၁၅ခန်းပါ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာချမှတ်နိုင်ခြင်း ဖြစ်ပါမယ်။ အဲဒီလို အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပြီးတဲ့နောက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ဒုတိယအဆင့်ဖြစ်တဲ့“အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း”နဲ့ တတိယအဆင့်ဖြစ်တဲ့ “အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခြင်း”ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဲဒီလို အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကိုမထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်ခွင့် ပြုသင့်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါတယ်”လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“နောင်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနှင့် အသေးစိတ် အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့်အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုစသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ပါရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာ လျော်ကန်သင့်မြတ်မှုရှိကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင် ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း၊ ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

“နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမယ့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ကျင်းပရေးဆွဲချမှတ်နိုင်ပြီး စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ချမှတ်ပေးသော အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲခြင်း၊ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးပါရန် ကျွန်တော်တို့ပါတီက သဘောတူထောက်ခံ ဆန္ဒပြုပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့်အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း၊ ဆုံးဖြတ်ချက်ချမှတ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေး တင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက သဘောတူညီပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက– **စာမျက်နှာ ၇ ကော်လံ ၁ သို့**

စာမျက်နှာ ၅ မှ

– တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာ မူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေး တင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကိုပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

“ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်(၅)တွင် “တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)ကိုပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)ကို ပယ်ဖျက်သင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

“၂၀၀၅ ခုနှစ် မတ်လ ၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်ခဲ့တဲ့ အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)ပါ အချက်ဟာ ၂၀၀၇ခုနှစ် ဩဂုတ်လ ၂ရက်နေ့ စုံညီမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ခဲ့တဲ့ အပိုဒ် (၅)ပါ အချက်နဲ့ တူညီနေကြောင်း၊ ယင်းအချက်မှာ “တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့ စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်” ဆိုသည့် အချက်ဖြစ်ပါသည်။ ဤကိစ္စရပ်မှာလည်း ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူဟာ စကားရပ်အတူတူပဲ ဖြစ်နေပြီး အနှစ်သာရကလည်းအတူတူပဲမို့ ယခင်ချမှတ်ခဲ့တဲ့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြခြင်း မပြုသည်မှာလည်း မှန်ကန်သင့်လျော်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များအစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

“ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံမူများ ချမှတ်စဉ်က အပိုဒ် ၁၅ အပိုဒ်ခွဲ (၅)တွင် ဖော်ပြချက်နဲ့ ၂၀၀၇ခုနှစ် ဩဂုတ်လ ၂ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ်(၅)တွင် ဖော်ပြသော “တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”ဆိုသော အသေးစိတ်အခြေခံရမယ့်မူများဟာ စကားရပ်အတူတူဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်ပြီး ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြခြင်းက ပိုမိုဆီလျော်မည်ဖြစ်တာကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ ဆက်လက်ဖော်ပြရန် မလိုတော့တဲ့အတွက် ပယ်ဖျက်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားချက်မှာလည်း ပြဋ္ဌာန်းချက်တစ်ခုတည်းကို ဥပဒေတစ်ခုတည်း၌ နှစ်ကြိမ်ဖော်ပြခြင်း မဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က–

“ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)နှင့် ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်(၅)တို့မှာ စကားရပ်အတူတူဖြစ်သလို အနှစ်သာရလည်း အတူတူဖြစ်နေသဖြင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅ အပိုဒ်ခွဲ(၅)ကို ပယ်ဖျက်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

စာမျက်နှာ ၆ မှ

"အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမယ့်မူနှင့် အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲ ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနှင့် အသေးစိတ် အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း၊ ဆုံးဖြတ်ချက်ချမှတ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း၊ ဆုံးဖြတ်ချက်ချမှတ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုရန် ဆုံးဖြတ်ချက်ချမှတ်ပေးသင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အထွေထွေပြဋ္ဌာန်းချက်များအခန်း၏ အမှတ်စဉ် ၁၉ အပိုဒ် (က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပါတယ်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊
(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊
(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းပျက်ယွင်းခြင်း၊
(၅) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်းဟု အခြေခံမူများ ချမှတ်ခဲ့ပါတယ်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍လည်း အထက်ပါအချက် (၅)ချက်ဖြင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားရှိခဲ့ပါတယ်။

ယခင်ချမှတ်ပြီးခဲ့သော စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများတွင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတစ်ဦးဦးတို့အား စွပ်စွဲပြစ်တင်လိုလျှင် အထက်ဖော်ပြပါ အမှတ်စဉ် (၁)မှ (၄) အထိသာ ချမှတ်ထားရှိခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင် ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်တွင် အငြင်းပွားစရာ အကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အချက်များကို တစ်ပြေးညီ (၅)ချက်စီ ဖော်ပြသင့်ကြောင်း သဘောရရှိပါတယ်။

"ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း"ဆိုသည့် အသုံးအနှုန်းမှာ ယေဘုယျဆန်လွန်းပြီး မည်သူက၊ မည်သည်ကို ရည်ညွှန်း၍ တာဝန်ပေးအပ်ကြောင်း မပေါ်လွင်နိုင်ဟု ယူဆရပါသည်။ **"ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးသုံးနှုန်းပါက တာဝန်ယူဆောင်ရွက်ရသည့်အပိုင်း ပိုမိုပေါ်လွင်စေပြီး ဆီလျော်မှုရှိစေနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ လက်ရှိ အသေးစိတ်အခြေခံမူ (၄)ချက်နှင့် ဆက်လျက် အမှတ်စဉ်(၅)အဖြစ် **"ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း"** ဆိုသည့် အသေးစိတ် အခြေခံရမည့်မူကို ဖြည့်စွက်သင့်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး အားလည်းကောင်း စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ အပိုဒ်(၅)တွင် ဖော်ပြထားသည့် **"ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း"**ဟူသော စကားရပ်အစား **"ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း"** စကားရပ် အသုံးအနှုန်းကိုလည်း ပြင်ဆင်သင့်ပါကြောင်း"
တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

"အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲဆောင်ရွက်ခွင့် ပြုသင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါရန် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံရမယ့်မူများနဲ့ စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များအပေါ် ကျွန်တော်တို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က တညီတညွတ်တည်း သဘောတူညီကြပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရာတွင် ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်တွင် အငြင်းပွားစရာ အကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အချက်များကို တစ်ပြေးညီ (၅)ချက်စီ ဖော်ပြသင့်။

"ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲဖို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က သဘောတူ ဆန္ဒပြုပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အမျိုးသားညီလာခံက ချမှတ် ပေးထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့်အနှစ်သာရကို ထိခိုက်ခြင်းမရှိသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို လိုအပ်သလိုပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးပါရန်လည်း တင်ပြအပ်ပါတယ်"
လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့တဲ့ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများနဲ့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာတဲ့ အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ရဲ့ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြလို့ ပြီးပါပြီ။

ဒီအကြံပြုချက်စာတမ်းတွေကို လေ့လာကြည့်ရင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များအတိုင်း ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၍ ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ကိုယ်စားလှယ်အများအပြားက ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။ အချို့ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးသွားသည့်အပြင် သီးခြားအကြံပြုချက်များအနေနဲ့ အကြံပြုတင်ပြသွားကြတာလဲ တွေ့ရှိရပါတယ်။

အထူးအားဖြင့် ဖော်ပြလိုတာကတော့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့တဲ့ "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်း မရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုပါရန်"တင်ပြချက်နဲ့စပ်လျဉ်းလို့ ညီလာခံ ကိုယ်စားလှယ်များနဲ့ အစုအဖွဲ့များအားလုံးက သဘောတူ ခွင့်ပြုသင့်ကြောင်း အကြံပြုဆွေးနွေးသွားကြတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ယင်းကိစ္စရပ်အတွက် ညီလာခံကိုယ်စားလှယ်များနဲ့ အစုအဖွဲ့များအားလုံးက သဘောတူကြပါသဖြင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

မြန်မာ့ရုပ်မြင်သံကြား

၂၂–၈–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ သစ်လွင်ခဲ့ညား ဖားတစ်ရှဉ်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go.

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (စိတ်ပညာအထူးပြု) [စိတ်ပညာ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၅ ၇။ **"ချောင်းကမ်းဘေးက ရွာကလေး"** နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင် (ဒါရိုက်တာ–မြင့်စိုး၊ ဝ/သ–ရန်ကုန်)
၁၇:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၃။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ် (မဟာဂီတဆွေးနွေးခန်း)
၁၉:၁၀ ၁၄။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)
၁၉:၂၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၃၅ ၁၆။ **"စပါးကရွှေ ငါးကငွေ"** (ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ ယုဝတီမိုး) (ဒါရိုက်တာ–နိုင်း)
၁၉:၄၅ ၁၇။ ကြံတောင်သူတွေဝင်ငွေသုံးဆတိုးဖို့ ဆင်းရွှေလီကြံစိုက်ကြစို့ (အပိုင်း–၁)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ
"ဝေဿန္တရာဇာတ်တော်ကြီး" (ဒုတိယဆု) (ရန်ကုန်တိုင်း) (ပထမပိုင်း)

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ အစည်းအဝေးများကျင်းပ အစုအဖွဲ့များ၏ သဘောထားတင်ပြချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါအစည်းအဝေးများမစတင်မီ အစုအဖွဲ့အလိုက် သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြို့(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ကရင် အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင် (ခ) ဦးမန်းမျိုးညွန့်နှင့် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရဲတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးကအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းပြည့်ရှိသဖြင့်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊အသေးစိတ်အခြေခံရမည့်မူများအတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့၏ သီးခြားအကြံပြုချက်များအပေါ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်းပြီး ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ရှာင်မြို့နယ် မဲဆန္ဒနယ်မှ ရွေးချယ်ခံတစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏သဘောထားတင်ပြချက်စာတမ်းကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက်၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာအလှည့်ကျသဘာပတိအဖြစ် တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူဝါဇုတ်ဒေါင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဇေဝတို့က ဆောင်ရွက်ကြပြီးအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ၈၂ ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊အသေးစိတ်အခြေခံရမည့်မူများအတွက် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့၏ သီးခြားအကြံပြုချက်များအပေါ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို စစ်ကိုင်းတိုင်းမှ ဦးနေဝင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏သဘောထားတင်ပြချက်စာတမ်းကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၇၀ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်ဝင်းသန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများအတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့၏ သီးခြားအကြံပြုချက်များအပေါ် အမျိုးသား

ယင်းနောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများအတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့၏ သီးခြားအကြံပြုချက်များအပေါ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်းပြီး တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင် ဧရာဝတီတိုင်းမှ ဦးကြည်တင့်က လည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ရေးသားပြုစုထားပြီးဖြစ်သည့် သဘောထားတင်ပြချက်စာတမ်းကို မကွေးတိုင်းမှ ဦးတင်မောင်ကျော်က လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ကျင်းပရေးလုပ်ငန်းကော်မတီရုံး မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၇၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများအတွက် ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အချို့၏ သီးခြား အကြံပြုချက်များအပေါ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဒေါက်တာ မနန်တူးဂျာ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဒေါက်တာ ဦးသိန်းဦးဘိုးစော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကိုအလှည့်ကျသဘာပတိက ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီးအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ

နှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်းပြီး အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို အစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်မှ ဒေါ်ယဉ်ယဉ်ငွေက ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့တင်ပြမည့် အစုအဖွဲ့၏သဘောထားတင်ပြချက်စာတမ်းကို အလှည့်ကျသဘာပတိက အလုပ်သမားကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်ဒေါက်တာမောင်မောင်ဝင့်နှင့် ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၆၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံ ညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်းပြီး အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို အလှည့်ကျသဘာပတိက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဗိုလ်ချုပ်ဝင်းသန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးအုံ့မောင်နှင့် ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၁ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများအတွက် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ အချို့၏ သီးခြားအကြံပြုချက်များ အပေါ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသား ညီလာခံသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံ ညှိနှိုင်းရာတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်းပြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပြန်လည်ဖတ်ကြား ရှင်းလင်းတင်ပြ၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထား တင်ပြချက် စာတမ်းကို ဒေါက်တာဒေါ်ဆွေဆွေအေးက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်ကို ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြပြီး အလှည့်ကျ သဘာပတိက တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ သဘောထား ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာ မနန်တူးဂျာက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ချိန်နှင့် ဦးပေါ်လိုက်ခမ်းတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့် မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊အသေးစိတ်အခြေခံရမည့်မူများအတွက် ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အချို့၏ သီးခြားအကြံပြုချက်များအပေါ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်းပြီး သဘာပတိအဖွဲ့ဝင် ဦးထွန်းအောင်ချိန်က ပြန်လည် ဖတ်ကြား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ သဘောထား ရယူပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီး တည်ဆောက်လျက်ရှိသော မုံးရင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့်ပေ ၁၀၀၊ အလျားပေ ၁၇၀၀ ရှိ၍ ဧရိယာ ၂၆၀၁ ဧကကိုဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ ယင်း မုံးရင်ရေလှောင်တမံ စီမံကိန်းကို ၂၀၀၆–၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်သည်။ ယင်းရေလှောင်တမံ ပြီးစီးပါက ဒေသလျှပ်စစ်အတွက် ၂ ဒသမ ၅ ကီလိုဝပ်ဓာတ်အား ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ဆင်းရွှေလီ ချင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ ကြက်ဆူစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့မှ တန့်ယန်းမြို့သို့ ထွက်ခွာကြရာ လမ်းဘေး ဝဲယာတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်း၊ ပြောင်းစိုက်ခင်းနှင့် စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ တန့်ယန်းမြို့နယ် နားတုတ်ကျေးရွာအုပ်စု၊ ပုံဟောင်းကျေးရွာ ဆီထွက်သီးနှံစံပြ မိုးမြေပဲစိုက်ခင်းသို့ ရောက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေသော တောင်သူဦးအိုက်လှ အပါအဝင် တောင်သူငါးဦး၏ ဧက ၂၀ မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မြေပဲစိုက် တောင်သူများအား ဒေသဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်၊ စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စွာ စိုက်ပျိုးကြရန်၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများကို သတ်မှတ်သည့် အချိုးကျအတိုင်း သုံးစွဲကြရန် စွမ်းအားစုများ ထည့်သွင်းရာ၌ အကုန်အကျရှိသော်လည်း အကျိုးအမြတ်လည်း များစွာ ပိုမိုခံစားနိုင်ကြောင်း မှာကြားပြီး ဒေသခံ တောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးထား

အဆိုပါ တောင်သူ ဦးအိုက်လှ၏ မိုးမြေပဲစိုက်ခင်းမှာ တစ်ဧကလျှင် အစိအထွက် ၇၁ ဒသမ ၀၈ တင်းနှင့် အခြောက်ထွက် ၆၃ ဒသမ ၉၇ တင်း ထွက်ရှိကြောင်း သိရှိရပြီး တန့်ယန်းမြို့နယ် မိုင်းဝတ်ကျေးရွာမှ တန့်ယန်းမြို့အထိ ကားလမ်းဘေး ဝဲယာများတွင် မိုးစပါးဆင်းရွှေလီဧက ၈၀၀၊ တောင်ယာစပါးဧက ၇၅၀၊ မိုးမြေပဲ ၁၂၂၅ ဧက၊ ခြံစည်းရိုးကြက်ဆူ ဧက ၃၅၅၀၊ ပြောင်းဧက ၂၂၀ နှင့် လက်ဖက် ၂၃၅ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် တန့်ယန်းမြို့နယ်အတွင်းရှိ ပတ္တမြား ဥယျာဉ်ကုမ္ပဏီ၏ ဂူးလုံ(အထွက်တိုး) လက်ဖက်စိုက်ခင်းနှင့် လက်ဖက်ခြောက်စက်ရုံသို့ရောက်ရှိရာ ဂူးလုံ(အထွက်တိုး) လက်ဖက်ခြောက်စက်ရုံ ရှင်းလင်းဆောင်တွင် စက်ရုံပိုင်ရှင် ဦးသန်းဝင်းက လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေနှင့်စက်ရုံအတွင်း လက်ဖက်ခြောက် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ဂူးလုံ(အထွက်တိုး) လက်ဖက်ခြောက် စက်ရုံအတွင်း လက်ဖက်ခြောက် ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ရွှင်ချမ်းလုံကုမ္ပဏီ၏ ဧက ၁၀၀ လက်ဖက်စိုက်ပျိုးရေးခြံရှိ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လက်ဖက်စိုက်ခင်းမှာ ရွက်စိမ်းတစ်ဧက အထွက်နှုန်း ခန့်မှန်းပိဿာ ၁၇၀၀၊ လက်ဖက်ခြောက် တစ်ဧက အထွက်နှုန်း ခန့်မှန်းပိဿာ ၄၅၀ ထွက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တန့်ယန်းမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဓမ္မာစရိယစာသင်သားများ ဝမ်းမြောက်ဖွယ်

ရန်ကုန် ဩဂုတ် ၂၁

ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဂုဏာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ)ပြုစုသည့် **“ဓမ္မာစရိယ သင်္ဂြိုဟ်ဆိုရိုးနည်းညွှန်ကျမ်း”** ယနေ့ထွက်ရှိပြီ ဖြစ်သည်။

အဆိုပါကျမ်းစာသည် ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်း စည်းမျဉ်းအဖြေကို ဆိုရိုးကျညွှန်ပြထားသဖြင့် ဓမ္မာစရိယ စာသင်သားတိုင်း အာဂုံဆောင်ကျမ်းစာအဖြစ် လက်စွဲပြုသင့်သော ကျမ်းစာဖြစ်သဖြင့် သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်မှ ဖြန့်ချိရောင်းချလျက်ရှိရာ ဖုန်း–၃၈၃၅၁၁ လိုင်းခွဲ(၁၈၅) (၁၆၄)၊ ၀၉–၈၀–၂၁၆၈၀ တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။**(က–ပ)**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာရေးသားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အနာဂတ်သားငယ်၊ သမီးငယ်များဖြစ်သည့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရေး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်မှုများ သိသာမြင်သာအောင် ရေးသားပြုစု

နေပြည်တော် ဩဂုတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာရေးသားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။(အပေါ်ပုံ)

တက်ရောက်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)ဌာနေ ကိုယ်စားလှယ် Mr.Ramesh Shresthaနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးနီးနှောဖလှယ်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့်စတုတ္ထအကြိမ် အမျိုးသား အဆင့် အစီရင်ခံစာအပေါ် အကြံဉာဏ်များ ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်(CRC)ကို ၁၆-၇-၁၉၉၁ နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၁၅-၈-၁၉၉၁ နေ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကြောင်း၊ သဘောတူစာချုပ်(CRC)ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေ (Child Law) ကို ၁၄-၇-၁၉၉၃ နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ကလေးသူငယ်ဥပဒေကို ထိထိရောက်ရောက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေ (Rules and Regulations ralated to Child Law) ကို ၂၁-၁၂-၂၀၀၁ နေ့မှာ ထုတ်ပြန်ခဲ့ကြောင်း။

အစဉ်တစိုက်လိုက်နာ

မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံတစ် နိုင်ငံဖြစ်သည်နှင့်အညီ အပြည်ပြည်ဆိုင်ရာ တရားဝင်စာချုပ်(International Instrument)တစ်ခု၏ အဖွဲ့ဝင်နိုင်ငံ (State Party)အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကဏ္ဍများကို အစဉ်တစိုက် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး(Millennium Development Goals) ကလေးများအတွက် လိုက်ဖက်သော ကမ္ဘာ(A World Fit for Children)၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ကလေးသူငယ်ဥပဒေ (Child Law) ပုဒ်မ(၄)အရ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ(National Committee on the Rights of the Child)ကို ၃၀-၉-၁၉၉၃ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း။

အမျိုးသားကော်မတီဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အတွင်းရေးမှူးမှာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention on the Right of the Child)၏ Focal Point အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (NCRC)က ချမှတ်ပေးသော လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ၁၇-၆-၁၉၉၇ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ဆပ်ကော်မတီကိုးခုအဖြစ် ဥပဒေရေးရာလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း၊ ပြန်ကြားရေးလုပ်ငန်း၊ အသိပညာပေးရေး လုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၊ အားကစားလုပ်ငန်းနှင့် စောင့်ကြည့်အကဲဖြတ် စိစစ်ရေးလုပ်ငန်း ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိကြောင်း။

ထို့ပြင် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကိုလည်း အဆင့်ဆင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ယခုအခါ ပြည်နယ်တိုင်း ၁၇ ခု၊ ခရိုင် ၆၅ ခုနှင့် မြို့နယ်ပေါင်း ၃၁၉ မြို့နယ်များမှာလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း။

အကောင်အထည်ဖော်

CRC State Party ၏ တာဝန်တစ်ရပ်ဖြစ်သည့် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အစီရင်ခံစာ တင်သွင်းရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်မှု ပထမအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာကို ၁၉၉၅ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ(UNCRC)သို့ တင်ပြနိုင်ခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသား လုပ်ငန်းအစီအစဉ် (၂၀၀၆-၂၀၁၅)ကို ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ၂၀၀၈ ခုနှစ် ဩဂုတ်လမှာ တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာတင်သွင်းရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် CRC 3^{rd} and 4^{th} Report ရေးသားပြုစုရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဦးဆောင်မှုဖြင့် ၁၃-၂-၂၀၀၇ရက်နေ့တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့ဝင် ၁၈ဦးပါဝင်သည့် ရေးသားပြုစုရေးအဖွဲ့ ဖွဲ့စည်းကာ တတိယနှင့် စတုတ္ထအကြိမ် အမျိုးသား အဆင့် အစီရင်ခံစာရေးသားရမည့် အခန်း၊ ခေါင်းစဉ်နှင့် အကြောင်းအရာများ၊ ရေးသားပြုစုရန် ရည်မှန်းကာလ(Time Frame) သတ်မှတ်ခြင်းများကို ညှိနှိုင်းချမှတ်နိုင်ခဲ့ကြောင်း၊ အစီရင်ခံသည့် ကာလကိုလည်း ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကိုသာ ထည့်သွင်းဖော်ပြရန် သတ်မှတ်နိုင်ခဲ့ကြောင်း။

ဆွေးနွေးပွဲများကျင်းပ

အစီရင်ခံစာ ရေးသားပြုစုရေးအဖွဲ့က မိမိတို့ကဏ္ဍအလိုက် ရေးသားပြုစုခဲ့ကြရာ ရေးသားပြုစုရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးများကျင်းပပြီး ပြင်ဆင်ဖြည့်စွက်ရေးသား ပြုစုခဲ့ကြကြောင်း၊ တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ (ဒုတိယမူကြမ်း)ကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်း ကော်မတီ(၂/၂၀၀၇) အစည်းအဝေးမှာ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသား ကော်မတီကို ဆက်လက်မတင်ပြမီ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်ပါဝင် ဆွေးနွေးအကြံဉာဏ်များပေးနိုင်ရေးအတွက် ယခုလိုအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊

ယခုတတိယနှင့်စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာပြုစုရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်၏ အဓိက အခွင့်အရေး(၄)ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့် (Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ ကာကွယ်စောင့်ရှောက်ခွင့် (Protection)နှင့် ပါဝင်ဆောင်ရွက်ခွင့် (Participation) ဆိုသည့် (right-based)အပေါ်အခြေခံပြီး ရေးသားပြုစုထားတာဖြစ်ကြောင်း၊ CRC ပါအပိုဒ် (Article)များသည် တစ်ခုနှင့်တစ်ခုဆက်စပ်ခြင်း(Interrelevant)ဖြစ်ပြီး တစ်ခုနဲ့တစ်ခု အမှီသဟဲဖြစ်ခြင်း (Interdependent)ရှိနေမှုကြောင့် ကလေးသူငယ်နှင့် ပတ်သက်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများသည် ဆက်စပ်မှုရှိနေသည်ကိုလည်း တွေ့ရမှာဖြစ်ကြောင်း၊ ထို့အပြင် ဒုတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ (National 2^{nd} Report) အပေါ် UNCRC ၏အကြံပြုချက်များ (Concluding Observation) နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကိုလည်း ထည့်သွင်းရေးသားပြုစုထားကြောင်း။

ပြင်ဆင်ဖြည့်စွက်

ရေးသားပြုစုရေးအဖွဲ့ဝင်များ၏ ခြောက်လအတွင်း စုစုစည်းစည်းနှင့် ညှိနှိုင်းတိုင်ပင်ပြီး အားထုတ်ရေးသားပြုစုခဲ့မှုကိုလည်း ကျေးဇူးတင်ရမှာဖြစ်ကြောင်း၊ ထို့အပြင် အစီရင်ခံစာ၏ အားနည်းချက်၊ အားသာချက်များကိုလည်း သုံးသပ်ဆွေးနွေး အကြံဉာဏ်ကောင်းများပေးကြရန်၊ ပြင်ဆင်ဖြည့်စွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပွဲ တက်ရောက်လာသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယနှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ (CRC 3^{rd} and 4^{th} Report)အပေါ် အပြန်အလှန် ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ အနာဂတ်သားကောင်း၊ သမီးကောင်းများဖြစ်ကြသည့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကွက်ကွက်ကွင်းကွင်း သိသာမြင်သာအောင် ရေးသားပြုစုကြရန်၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အထူးပြောကြားလိုသည်မှာ ကုလသမဂ္ဂ ကလေးသူငယ်ရန်ပုံငွေအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ယေဘုယျ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယေဘုယျစည်းမျဉ်းများ၊ အခွင့်အရေးနှင့် လွတ်လပ်မှုများ၊ မိသားစုအသိုက်အဝန်းနှင့် ပြုစုစောင့်ရှောက်မှုများ၊ အခြေခံကျန်းမာရေးနှင့်လူမှုရေး၊ ပညာရေး၊ အားလပ်မှု၊ အပန်းဖြေမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့်နေ့ ပန်းပေါင်းပူဇော်ပွဲနှင့် ဒါနဥပပါရမီသွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၂၁

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၁၃၆၉ခုနှစ် ဝါခေါင်လပြည့်နေ့ (ဩဂုတ်၂၈ရက်)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပန်းပေါင်း၈၄၀၀၀ပူဇော်ပွဲနှင့် မေတ္တာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပေးပို့လှူဒါန်းနိုင်

ထို့အပြင် ဒါနဥပပါရမီအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့ ရုံးဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်သည်။ ဝါခေါင်လပြည့်နေ့ နံနက်ပိုင်းတွင် အများပြည်သူတို့သည် ပန်းမျိုးစုံတို့ကို ပေးပို့လှူဒါန်းနိုင်ကြောင်း၊ စုပေါင်း၍ သွေးလှူဒါန်းရာ၌ ပါဝင်နိုင်ကြောင်းနှင့် အာဟာရကုသိုလ်အနေဖြင့် သွေးလှူရှင်တစ်ဦးအတွက် ငွေကျပ်၁၅၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၂-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကြည်ညိုကြပါ မြတ်သံဃာ တရားတော် (အရှင်စန္ဒသာရ) (ကျောင်းကုန်းဆရာတော်)
၈း၀၅	တုနှိုင်းမမီ အမေ့နို့ရည် (တစ်ခန်းရပ်ပြဇာတ်)
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာသော ရောဂါများ သွေးလွန်တုပ်ကွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစောလွင်)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	Midweek Sports News
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	ဖန်တီးရုပ်ကြွဗေဒါရိုးပစ္စည်းအလှ
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	အသိဉာဏ် (နေထက်လင်း၊ ထွန်းထွန်း (Examplez)၊ မြတ်ကေသီအောင်၊ မေကဗျာ)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ထုပ်ပိုးအလှဆင် ပလတ်စတစ်ပက်ကင်
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	ကျေးပင်အက်ရေလှောင်တမံ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅	ဂီတသံစဉ်အလှဆင် (နီနီဝင်းရွှေ)
၁၂း၂၀	International Video Topics (ဒူဘိုင်းမှ အိုအေစစ်(သို့) ကမ္ဘာ့အမြင့်ဆုံး ဟိုတယ်)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendly ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	England-Germany	ESPN (Live)

Asian Olympic Qualifiers 2007 ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၅၅	Japan-Vietnam	Star Sports (Live)
၁၀း၂၅	Iraq-Australia	Star Sports (Live)

နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့အား နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ကျူးလွန်ရာရောက်

■ ကျော်ဖုံးမှ

အလားတူ ဩဂုတ် ၁၉ရက် နံနက် ၆နာရီခွဲမှ ၇နာရီ မိနစ်၄၀အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ၈၈ မျိုးဆက်ကျောင်းသားဆိုသူ ကိုကိုကြီး၏နေအိမ်၌ ၈၈ မျိုးဆက်ကျောင်းသားဆိုသူများဖြစ်သော မင်းကိုနိုင်၊ ကိုကိုကြီး၊ မြအေး၊ အံ့ဘွယ်ကျော်၊ ဂျင်မီ၊ ကျော်ကျော်ထွေးတို့ တွေ့ဆုံဆွေးနွေး၍ နိုင်ငံရေးအင်အားစုများ ပူးပေါင်းပြီး အင်အားပြလှုပ်ရှားရေး၊ နိုင်ငံတော်အစိုးရအား ထိပ်တိုက်ရင်ဆိုင်မှုကို ၈၈ မျိုးဆက်ကျောင်းသားများက ဦးဆောင်၍ လုပ်ဆောင်ရေး၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါ လှုပ်ရှားမှုတွင်ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ ထို့ပြင် **NLD** အဖွဲ့ဝင်များ၊ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ၊ ၈၈ မျိုးဆက်ကျောင်းသားဟောင်းများပါ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကိုဆွေးနွေးခဲ့ကြကြောင်း၊ ထို့နောက် နံနက် ၁၀ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)လမ်းရှိ **NLD** ဒုတိယဥက္ကဋ္ဌဟောင်း ကွယ်လွန်သူ ဦးကြည်မောင်၏ သုံးနှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးပွဲသို့ ၈၈ မျိုးဆက်ကျောင်းသားဆိုသူများ တက်ရောက်ကြပြီး မင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို၊ ဂျင်မီ၊ ဌေးကြွယ်၊ မြအေး၊ ပဏ္ဍိတ်ထွန်း၊ ကျော်ကျော်ထွေးတို့ ခေါင်းဆောင်သော အင်အားအချို့သည် ဦးကြည်မောင်၏နေအိမ်မှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ရွှေဂုံတိုင်မီးပွိုင့်မှတစ်ဆင့် တာမွေမြို့နယ် သမိန်ဗရမ်းလမ်းရှိ တာမွေဈေးအထိ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို အကြောင်းပြကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့်လုံခြုံရေးကို ထိခိုက်ပျက်ပြားစေရန်၊ အမျိုးသားညီလာခံပျက်ပြားစေရန်နှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း မရှိစေရန်တို့အတွက် လမ်းလျှောက်ဆန္ဒပြခဲ့ကြကြောင်း သိရှိရသည်။

ထို့အတူ မင်းကိုနိုင်၊ ကိုကိုကြီးတို့အဖွဲ့သည် ဩဂုတ် ၁၉ ရက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်၍ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ လူထုလှုပ်ရှားမှုကြီးကျင်းပမည်ဖြစ်ကြောင်း၊ ပြည်သူများ အင်္ကျီအဖြူရောင်ဝတ်ဆင်၍ ပါဝင်ဆင်နွှဲကြစေလိုကြောင်းစသည်ဖြင့် လူထုဆူပူအုံကြွမှုဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း တွေ့ရှိရသည်။

စီတန်းလမ်းလျှောက်ဆန္ဒပြခဲ့

ထို့အပြင် ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီခန့်တွင် ၈၈ မျိုးဆက်ကျောင်းသားဆိုသူ ဉာဏ်လင်း ဦးစီးသော အင်အားအချို့က ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေပလာဇာအနီးမှ ရွှေဂုံတိုင်လမ်းတစ်လျှောက် စီတန်းလမ်းလျှောက် ဆန္ဒပြခဲ့ကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပြည်သူလူထုအတွင်း ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်ဆောင်ရွက်မှုသည် နိုင်ငံတော်တည်ငြိမ်မှုနှင့်လုံခြုံမှုကို ထိခိုက်ပျက်ပြားစေရန်၊ အမျိုးသားညီလာခံပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည့်အပြင် **နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့အား နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ကျူးလွန်ရာရောက်ကြောင်း တွေ့ရှိရသည်။**

ခေါ်ယူထိန်းသိမ်း မေးမြန်းစစ်ဆေး

နိုင်ငံတော်အစိုးရအနေဖြင့်မူ နိုင်ငံတော် တည်ငြိမ်ရေးနှင့် လုံခြုံရေး၊ အမျိုးသားညီလာခံလုပ်ငန်းစဉ် အပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံ့တာဝန်ကို တည်ငြိမ်အေးချမ်းစွာ လွှဲပြောင်းပေးသွားနိုင်ရေးတို့ကို ထိခိုက်ပျက်ပြားစေနိုင်သည့် ယခုကဲ့သို့ လုပ်ရပ်များအား ကာကွယ်တားဆီးနိုင်ရန်အတွက် **၈၈ မျိုးဆက် ကျောင်းသားဆိုသူများဖြစ်သည့် မင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို(ခ)ဌေးဝင်းအောင်၊ မင်းဇေယျ၊ မြအေး(ခ)သူရ၊ ကျော်မင်းယု(ခ)ဂျင်မီ၊ ဇေယျ(ခ)ကုလားမ၊ ကျော်ကျော်ထွေး(ခ)မာကီး၊ အံ့ဘွယ်ကျော်၊ ပဏ္ဍိတ်ထွန်း၊ ဇော်ဇော်မင်း၊ သက်ဇော်နှင့် ဉာဏ်လင်းထွန်း**တို့အား ယနေ့ညတွင် သက်ဆိုင်ရာက ခေါ်ယူထိန်းသိမ်းမေးမြန်း စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုးရိမ်ရေမှတ်အောက်ကျဆင်း

နေပြည်တော် ဩဂုတ် ၂၁

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၆၄ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၄ စင်တီမီတာကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးအကြိုဗိုလ်လုပွဲ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်(၂)ကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၃ နာရီခွဲ

အကြိုဗိုလ်လုပွဲစဉ်(၂)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	**နှစ်ဂိုး။**
အားကစားဝန်ကြီးဌာန	**တစ်ဂိုး။**

အားကစားဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်းအမှုထမ်းများနှင့် အားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

တစ်ရက်နားမည်

ယင်းဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၂ရက်တွင် တစ်ရက်တာရပ်နားမည်ဖြစ်ပြီး ဩဂုတ် ၂၃ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ တတိယနေရာလုပွဲအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩဂုတ် ၂၄ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ဗိုလ်လုပွဲအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ ***ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ အထပ် ၁၇ထပ်ရှိသော နိုင်ငံပိုင်သင်္ဘောလုပ်ငန်းအဆောက်အအုံ ဩဂုတ် ၂၀ ရက်က မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံအတွင်း ပိတ်မိနေသောလူများအား ပါကစ္စတန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် တစ်ဦးသေဆုံးပြီး မီးသတ်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှုမှာ လျှပ်စစ်ဓာတ်ကြိုးများမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။***

❖ တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၂၁ရက်က အပူလှိုင်းကျရောက်ခဲ့မှုကြောင့် ဆိုးလ်မြို့တော်နေ ပြည်သူရာပေါင်းများစွာတို့ ဟန်မြစ်အတွင်းရေစိမ်နေခဲ့ကြရကြောင်း၊ အပူချိန် ၃၀ဒီဂရီ ဆဲလ်စီးရပ်စ်ကျော်ရှိကြောင်း တောင်ကိုရီးယား မီဒီယာများက ဖော်ပြသည်။

❑ ***ဖိလစ်ပိုင်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းလွန် မိုင် ၁၄၀ခန့်အကွာ ပင်လယ်ကြမ်းပြင်ကိုဗဟိုပြု၍ ဩဂုတ် ၂၀ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း၊ ထိခိုက်ပျက်စီးမှုနှင့် ဆူနာမီ ဖြစ်ပေါ်မှုများမရှိကြောင်း ဖိလစ်ပိုင်မီဒီယာများက ဖော်ပြသည်။***

❖ အီဂျစ်နိုင်ငံအနောက်ပိုင်း သဲကန္တာရတစ်ခု၌ ရှေးခေတ်လူသားတစ်ဦး၏ ခြေရာတစ်စုံကို အီဂျစ်သုတေသနပညာရှင်များက ဩဂုတ် ၂၀ ရက်က ရှာဖွေတွေ့ရှိခဲ့ရာ သုတေသနပြုချက်အရ ထိုခြေရာသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်းခန့်က လူသားတစ်ဦး၏ခြေရာဖြစ်ကြောင်း ပြောကြားသည်။

❑ ***မက္ကဆီကိုနိုင်ငံတွင် ဩဂုတ် ၂၁ရက်က တစ်နာရီလျှင် မိုင် ၁၆၀နှုန်းရှိသော ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ရာ ကမ်းလွန်ရေနံလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြီး အလုပ်သမား ၁၈၀၀၀ ခန့်အား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ပင်လယ်ရေလှိုင်းများ ၂၂ပေအထိ မြင့်တက်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

❖ ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခု၌ ဝက်ဝံများထားရှိရာ လှောင်အိမ်အတွင်း ဩဂုတ် ၂၀ရက်က အသက် ၂၂ နှစ်အရွယ် လူငယ်တစ်ဦး ဝက်ဝံများကုတ်ခြစ်၊ ကိုက်ဖဲ့သော ဒဏ်ရာများဖြင့် သေဆုံးနေရာ ၎င်းသည် လှောင်အိမ်အတွင်း မတော်တဆပြုတ်ကျခဲ့ရာမှ ဝက်ဝံများ၏ တိုက်ခိုက်ခြင်းကို ခံရသဖြင့် သေဆုံးခြင်းဖြစ်ကြောင်း ဆားဘီးယားမီဒီယာများက ဖော်ပြသည်။

❑ ***နိုင်ငံတကာ အာကာသစခန်းသို့ ဩဂုတ် ၁၀ ရက်က ရောက်ရှိခဲ့သော အင်ဒီးဗား အာကာသလွန်းပြန်ယာဉ်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်စခန်းသို့ ဩဂုတ် ၂၁ရက် ဒေသ စံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၂မိနစ်တွင် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။*** (ယာပုံ)

❖ အိန္ဒိယနိုင်ငံ အနောက်ပိုင်းတွင် ဩဂုတ် ၂၁ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျေးရွာအများအပြား ရေလွှမ်းခဲ့ရပြီး ဒေသခံပြည်သူ ရာပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသဖြင့် အိန္ဒိယအစိုးရက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

❒ ရှေ့ဖုံးမှ

ရွေးချယ်စေလွှတ်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမဆောင်၌ မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့ဝင်များအား မှာကြားရာတွင် ယခု သွားရောက်ယှဉ်ပြိုင်ခြင်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ အကောင်းဆုံး အားကစားသမားများကိုသာ ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်ယှဉ်ပြိုင်သည့် အတွေ့အကြုံရှိထားပြီးဖြစ်၍ ယခုပြိုင်ပွဲ၌ ပိုမိုအောင်မြင်မှုရရန် အထူးဂရုစိုက်ကြိုးစားယှဉ်ပြိုင်ရန်လိုကြောင်း၊ တပ်စိတ်အလိုက် ပြိုင်ရသည့် ပြိုင်ပွဲဖြစ်၍ သက်လုံအရေးကြီးကြောင်း၊ မိမိတို့ လေ့ကျင့်စဉ်က ရာသီဥတုနှင့် ပြိုင်ပွဲ၌ ကြုံတွေ့ရမည့် ရာသီဥတု တူညီနိုင်မည်မဟုတ်၍ ရာသီဥတုနှင့်ကိုက်ညီ အသားကျအောင် ရသည့်အချိန်အတွင်း ပြန်လည်လေ့ကျင့်ရန်လိုကြောင်း၊ တပ်မတော်ကိုယ်စားပြု၍ စေလွှတ်ခြင်းဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ အဓိကရည်မှန်းချက်ဖြစ်သည့် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားကြရန်ဖြင့် အားပေးမှာကြားသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာကြမည့် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းခေါင်းဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော မြန်မာ့တပ်မတော်ပြေးခုန်ပစ် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ပြေးခုန်ပစ်အားကစားသမားများအဖြစ် တပ်ကြပ်ကြီးခင်မောင်သန်း၊ တပ်ကြပ်ကြီးမြတ်ဆုအောင်၊ တပ်ကြပ်ကြီး ဂျူးဇက်၊ ဒုတိယတပ်ကြပ်စိုးနိုင်၊ တပ်သားဆန်းမိုး၊ တပ်သား စန်းမြင့်နှင့် တပ်သားကြည်မင်းစိုးတို့ ပါဝင်ကြသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

သြဂုတ် ၂၇ ရက်တွင် လည်းကောင်း မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) တင်ဒါခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။ ရောင်းချမည့်စနစ်မှာ (FOB-YANGON IN EURO) ဖြစ်ပြီး သမာဓိအာမခံကြေးအဖြစ် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ယူရို ၅၀၀၀ နှင့် ပြည်ပဝယ်ယူသူများအတွက် ယူရို ၁၅၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

အလားတူ ပြည်တွင်းဈေးကွက်သို့ သစ်မာသစ်ခွဲသားများ လေလံစနစ်ဖြင့် ရောင်းချခြင်းကို သြဂုတ် ၂၈ ရက်တွင် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ယင်းမာခန်းမ၌ ကျင်းပမည်ဖြစ်ရာ လေလံမှတ်ပုံတင်ကြေးငွေကျပ် သိန်း ၂၀ကို မြန်မာ့စီးပွားရေးဘဏ် (ကြည့်မြင်တိုင်)သို့ သြဂုတ် ၂၇ ရက် နောက်ဆုံးပေးသွင်းရမည်ဖြစ်သည်။

တည်ရှိရာဒေသများ

သစ်အမျိုးအစားအလိုက် တည်ရှိရာဒေသများမှာ နေပြည်တော်ပျဉ်းမနားတွင် အုပ်စု-၁(၄၀ဒသမ၀၄၆၈)တန်၊ အခြားသား(၉၀ဒသမ၁၄၂၆)တန်၊ ပဲခူးတိုင်း (အနောက်)တွင် အုပ်စု-၁(၁၆၀ဒသမ၀၁၃၀)တန်၊ အခြားသား (၄၀ဒသမ၀၁၈၀)တန်၊ ပဲခူးတိုင်း(အရှေ့)တွင် အုပ်စု-၁ (၈၀ဒသမ ၀၂၁၄)တန်၊ အခြားသား(၄၉ဒသမ၉၉၈၀)တန်နှင့် မကွေးတိုင်းတွင် အခြားသား (၂၀ဒသမ ၀၂၈၈)တန် အသီးသီးဖြစ်သည်။

စုံစမ်းနိုင်

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် တင်ဒါ၊ ချိပ်ပိတ်တင်ဒါစနစ်များနှင့် ပတ်သက်၍ အတွင်းရေးမှူး၊ ပြည်ပရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ဖုန်း-၂၂၀၆၅၈ သို့လည်းကောင်း၊ ပြည်တွင်းသစ်မာ သစ်ခွဲသားကောင်းလေလံနှင့် ပတ်သက်၍ ဒုတိယ အထွေထွေမန်နေဂျာ(လုပ်ငန်း)၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ဖုန်း-၂၂၂၃၈၈၊ ၂၁၀၆၅၄ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာပေစိစစ်ရေးမူများ၊ လိုက်နာရမည့်နည်းဗျူဟာများ စည်းကမ်းနှင့်အညီဆောင်ရွက် စာပေလောကဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းလုပ်ဆောင် စာပေဝါသနာရှင်မည်သူမဆို စာပေထုတ်ဝေခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ရရှိနိုင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထဲထဲဝင်ဝင်ဖော်ဆောင်ရေးသားထုတ်ဝေ

ရန်ကုန် သြဂုတ် ၂၁

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟို အဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေ စိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ရည်ရွယ်ချက် နှစ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ပြီးခဲ့သည့်ကာလအတွင်းအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများကို အဖွဲ့ဝင်များအား အသိပေးတင်ပြရန်၊ ဒုတိယရည်ရွယ်ချက်မှာ ပြီးခဲ့သည့်ကာလအတွင်း အဖွဲ့၏ အောင်မြင်မှု၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ အားသာချက်များကို ပို၍ အားသာစေရန်၊ အားနည်းချက်များကို ပို၍ လျော့ပါးသွားစေရန်ဟူသည့် ရည်ရွယ်ချက်များပင် ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေး လုပ်ငန်းများ၏ ကြီးကြပ်မှု ဗဟိုအဖွဲ့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၀၅) ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ သက်တမ်းအားဖြင့် နှစ်နှစ်နှင့်ခြောက်လရှိပြီး မိမိတို့အဖွဲ့သည် စာပေစိစစ်ခြင်းနှင့် မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို အောင်မြင်စွာ ဆက်လက်တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ စာပေလောက ဖွံ့ဖြိုးတိုးတက်စေရန် ကြီးကြပ်မှု ဗဟိုအဖွဲ့ဝင်များသည် စာပေစိစစ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်များထားရှိကာ ဆောင်ရွက်လျက်ရှိကြောင်း။

ထိန်းသိမ်းကြပ်မတ်

ယင်းရည်ရွယ်ချက်များမှာ(၁)စာပေလောကသားများ၏ စွမ်းအားကို တိုင်းပြည်နှင့် လူမျိုးအကျိုးဖော်ဆောင်ရာတွင် စည်းရုံးကွပ်ကဲဆောင်ရွက်ရန်၊ (၂) စာပေစိစစ်ရေးနှင့် စာပေလောကသားများ ညီညွတ်မျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ (၃) စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၄)စာပေလောကလုပ်ငန်းများကို နိုင်ငံတော်၏မူဝါဒ၊ ပေါ်လစီ၊ မြန်မာ့ယဉ်ကျေးမှု၊ အမွေအနှစ်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း၊ စာပေစိစစ်ရေးမူများ၊ လိုက်နာရမည့် နည်းဗျူဟာများ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

စာအုပ်စာပေထုတ်ဝေခွင့်ကိုလည်း သတ်မှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်လျှင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေဝါသနာရှင် မည်သူမဆို စာပေထုတ်ဝေခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ရရှိနိုင်ကြောင်း၊ အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီး အပြုသဘောဖြင့် လွတ်လပ်ကျယ်ပြန့်စွာ ရေးသားနိုင်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထဲထဲဝင်ဝင် ဖော်ဆောင်ရေးသား ထုတ်ဝေကြရန်အတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက အစည်းအဝေး ၁/၂၀၀၅ မှတ်တမ်းကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် သြဂုတ် ၂၁

သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၇ရက် မွန်းလွဲ ၁နာရီတွင် ကျောက်ကြီးမြို့နယ် ညောင်ပင်သာကျေးရွာနေ ဦးကြည်ဝင်း၏သမီး မဝင်းဝင်းခက် အသက် ၂၀သည် ကုန်းမြင့်လယ်ယာခုတ်ပြီး ပြန်လာစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ မဝင်းဝင်းခက် ညာဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ဘယ်ဘက်ခြေထောက် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် မဝင်းဝင်းခက်အား သက်ဆိုင်ရာတာဝန်ရှိသူများက တောင်ငူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေတက်မည်

ရန်ကုန် သြဂုတ် ၂၁

သြဂုတ် ၂၈ရက်မှ စက်တင်ဘာ ၃ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၁ပေခန့်မှ ၂၁ ဒသမ ၅ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁-၈-၂၀၀၇

နေပြည်တော်
၁ ဒသမ ၄၅ လက်မ

ကော့သောင်း
၂ ဒသမ ၉၉ လက်မ

ထားဝယ်
၂ ဒသမ ၈၈ လက်မ

ရေး
၂ ဒသမ ၄၄ လက်မ

ဖျာပုံ
၁ ဒသမ ၇၃ လက်မ

မင်းတပ်
၁ ဒသမ ၃၀ လက်မ

အဘိုး၊အဘွားများ လစဉ်ကျန်းမာရေးစစ်ဆေးကုသ
ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

မန္တလေး ဩဂုတ် ၁၅

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲက ကြီးမှူး၍ မန္တလေးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အဘိုး၊ အဘွားများအား လစဉ်ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းနှင့်ဆေးဝါးကုသမှုများပြုလုပ်ပေးခြင်းကို ဩဂုတ် ၄ရက် ညနေ ၄နာရီက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှအသင်းဝင်များ၊ တပ်ရင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌများ၊ဆရာဝန်များနှင့်ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများက အဘိုး၊ အဘွား ၅၀တို့အား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသမှုများကို မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များက အဘိုး၊ အဘွားများကို ကန်တော့ကြပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(ဝဲပုံ)(သတင်းစဉ်)**

မော်လမြိုင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး လုပ်ငန်းဖြစ်သော အာတီစီရေစက်ရုံမှ ရေပေးဝေမှု အခြေအနေကို ဩဂုတ် ၁၂ ရက်က မော်လမြိုင်မြို့နယ် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။ (၁၆၈)

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ပုသိမ် ဩဂုတ် ၈

ဧရာဝတီတိုင်း ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုသိမ်မြို့နယ် ကမ်းနီအုပ်စု ကမ်းနီဖျားကျေးရွာဖွံ့ဖြိုးဝေ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များ ပူးပေါင်း၍ ကမ်းနီဖျား ကျေးရွာ စာကြည့်တိုက် ခန်းမ၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၂/၂၀၀၇)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၆ရက် ညနေ ၄နာရီခွဲက ကမ်းနီဖျားကျေးရွာ စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းရွှေ၊ မြို့နယ်ဦးစီးမှူး ဒေါ်မာလာဝင်း၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တိုင်း လက်ထောက် ညွှန်ကြားရေးမှူးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးကာသင်တန်းတွင် ထူးချွန်သောသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်
ဝါခေါင်လဆန်း ၁၀ ရက်
၂၃-၈-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဇောဗ္ဗင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
(ဟင်္သာတခရိုင်အတွင်း ဖြစ်ထွန်းလျက်ရှိသောငါးမွေးမြူရေးလုပ်ငန်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကံ့ကော်ရွှေရည် စံပြစာစီစာကုံးများ [ဦးသန်းထွတ် ပါမောက္ခ (ငြိမ်း) ပညာရေးတက္ကသိုလ်]
(၂) ဦးခေါင်းပုံများနှင့် အခြားထူးဆန်းသောပုံပြင်များ (မောင်သိန်းလွင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(အားကစားနှင့်စိတ်အစွမ်း) မောင်ဆုရှင်
၁၂း၃၀ အစာနှင့်အာဟာရ
(ကိုရီးယားဂျင်စင်းပါဝင်တဲ့ Hot Pot)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာ
၁၈း၂၅ သံစဉ်တေးသွားမေတ္တာစကား
(၁) ပန်းနဲ့ပေါက်တာလည်း နာချင်တယ် (စန္ဒရားချစ်ဆွေ)
(၂) ယောကျ်ားမဟုတ်တဲ့အတိုင်း (ခင်နှင်းသက်)
၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ်
(ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ
(ဘာရေလို့ခေါ်မလဲ)
၁၉း၄၀ ခေတ်မရွေးသောတေး
(၁) မေတ္တာရွှေရည် (အောင်မျိုးခင်)
(၂) ချစ်စရာမချမ်းဘော (ကျောက်ပန်းတောင်းခင်စိုးဦး)
(၃) ချယ်ရီပန်းမခူးရ (လှဆန်းဦး)
(၄) တစ်စက္ကန့်လေးရဲ့ဆယ်ပုံတစ်ပုံ (ခင်နန်းယုထွေး)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မိုး (ကိုမြကြီး)
(၂) မိုးဒေဝါ (အေဝမ်းတင်တင်လှ)
(၃) ချစ်အလွမ်းလေးတစ်ပတ်လည် (ဓနုဖြူစိုးသိန်း)

လှိုင်ကော်အကျဉ်းဦးစီး၌
ကျွေးမွေးထောက်ပံ့

လှိုင်ကော် ဩဂုတ် ၈

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေနှင့် အလုပ်အမှုဆောင်များ ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက လှိုင်ကော်အကျဉ်းဦးစီးရှိ အမျိုးသား ၅၄၄ ဦးနှင့် အမျိုးသမီး ၅၉ဦးတို့အား နံနက်စာကျွေးခြင်း၊ ဆေးဝါးများထောက်ပံ့ခြင်း**(အောက်ပုံ)**နှင့် အကျဉ်းသားများထံမှ စာ ၁၁၇ စောင်ကို သက်ဆိုင်သူများထံသို့ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ကြကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်း

တောင်ငူ ဩဂုတ် ၁၄

ပဲခူးတိုင်း(အရှေ့ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ တောင်ငူခရိုင် ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်၉ရက်က တောင်ငူခရိုင်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ကိုယ်ပိုင်လုံးချင်းစာကြည့်တိုက် အဆောက်အအုံများ ရရှိရေးအတွက် ကြိုးစားစည်းရုံး ဆောင်ရွက်ကြရန်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများ ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်
တောင်တွင်းကြီးတွင် ဆေးဖျန်း

တောင်တွင်းကြီး ဩဂုတ် ၃

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဖြင့် ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်၊ စာသင်ကျောင်းများဖြစ်သော မြို့မမူကြိုကျောင်း၊ မြို့မမူလတန်းလွန်ကျောင်း၊ အမက ရွှေအိုး(၂)၊ အလက (၁) ဒေဝီ၊ အလက(၂) မိုးထိကျောင်းများတွင် ဇူလိုင် ၂၈ရက်က ခြင်ဆေးမှုတ်စက်ဖြင့်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ကူညီပူးပေါင်း

အဆိုပါ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခြင်သတ်ဆေး၊ ခြင်ဆေးမှုတ်စက်တို့ကို ကူညီခဲ့ပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လိုအပ်သောစက်သုံးဆီ ဓာတ်ဆီ၊ ဒီဇယ်ဆီများ၊ လူအင်အားနှင့် အခြား လိုအပ်သောအကူအညီများပေး၍ ဆောင်ရွက်ခဲ့ရာ စုစုပေါင်းကုန်ကျငွေ ကျပ် ၃၀၀၀၀ ကူညီပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်ဆေးဖျန်း

ကျုံပျော် ဩဂုတ် ၁၆

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်းပြီး ဩဂုတ် ၁၅ရက်က မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ရေမြောင်းများ အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဆိုးမြောင်းများအတွင်း ခြင်၊ ယင်များမရှိစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများနှင့် လူမှုရေးအသင်းဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး
ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်

အုတ်တွင်း ဩဂုတ် ၅

အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အုတ်တွင်းမြို့မဈေးရပ်ကွက်တွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊လဲ၊စစ်လုပ်ငန်းများကို ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခြင်း၊အသိပညာပေးဟောပြောခြင်းများကို ဇူလိုင်၂၇ရက်က ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေနှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်သင်းသင်းအောင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

22-8 (15) 1 8/22/07, 4:07 AM

ဝေါမြို့ သမိုင်းဝင်ကြို့တူစေတီတော်မြတ်ကြီး ပထမအကြိမ်ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်

ဝေါ ဩဂုတ် ၅

ပဲခူးတိုင်း ဝေါမြို့ သမိုင်းဝင်ကြို့တူစေတီတော်မြတ်ကြီးတွင် ပထမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲကို ဇူလိုင် ၂၇ရက် ညနေ ၄နာရီက ဝေါမြို့ ကြို့တူစေတီတော်တန်ဆောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လွင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်တရားသူကြီး ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြိုင်ပွဲသို့ မြို့ပေါ် ခြောက်ရပ်ကွက်မှ ပြိုင်ပွဲဝင်ရက်ကန်းစင် ခြောက်စင် ဝင်ရောက်ယှဉ်ပြိုင်ကြရာ သစ်စက်ကိုယ်စားပြု ခေမာစင်တော်ကပထမ၊ အေးချမ်း သာယာရပ်ကွက် ကိုယ်စားပြု ပပဝတီစင်တော်က ဒုတိယနှင့် ဘိုးဘုံရပ်ကွက် ကိုယ်စားပြု မယ်တော်မာယာစင်တော်က တတိယဆုများ ရရှိကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဇူလိုင် ၂၉ရက် (ဝါဆိုလပြည့်နေ့) နံနက်တွင် ဂန္ဓဝါစကပဏ္ဍိတ မြို့ဦးဆရာတော်ထံမှ ရေစက်ချတရားနာယူခြင်း၊ ဆုပေးပွဲအခမ်းအနားကျင်းပခြင်းနှင့် ကြို့တူစေတီတော်ကြီးနှင့် စေတီတော်များကို ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ မြို့တွင်းရှိ တန်ခိုးကြီးဘုရားများအား ရွှေကြာသင်္ကန်း ၃၃ထည်ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့ ရေပေးရေး တိုးချဲ့ဆောင်ရွက်

ဖလမ်း ဩဂုတ် ၁၂

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်ရေးအတွက် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၅၀ ဖြင့် ရေလှောင်ကန်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက် နံနက် ၉ နာရီက အမှတ်(၁)ရေလှောင်ကန်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်မည့် အမှတ်(၂)နှင့် (၃)ရေလှောင်ကန်နေရာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးထလာဟရဲက ရေလှောင်ကန်တည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိမ်မဲမြို့၌ စပါးခင်းများအတွင်း ငါးမျိုးစုံစိုက်ထည့်

အိမ်မဲ ဩဂုတ် ၁၆

မြောင်းမြခရိုင် အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု မြို့ဝင်မိုးစပါးဧက ၁၀၀၀ စံပြစိုက်ကွင်း၌ ငါးမျိုးစုံစိုက်ထည့်ပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးဟန်၊ အိမ်မဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်နှင့် မွေးတိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်နှင့် ဝန်ထမ်းများက ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀ကို စုပေါင်းမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ဝိုင်းရည်ရွယ်ချက်နှင့်မူးယစ်ဆေးဝါးကာကွယ်ရေး ပညာပေး

လားရှိုး ဩဂုတ် ၁၂

လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းသည် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညွန့်နှင့်ဝန်ထမ်းများလိုက်ပါလျက် လားရှိုး–သီပေါ လမ်းမကြီးပေါ်ရှိ မယ်ဟန်ကျေးရွာ၊ လွယ်လွမ်ကျေးရွာ၊ ခေးနင်းကျေးရွာ၊ နောင်မွန်ကျေးရွာ၊ ပုန်းထွန်းကျေးရွာနှင့် စဥ့်အင့်ကျေးရွာများသို့ ဩဂုတ် ၇ရက်က ကွင်းဆင်း၍ အခမ်းအနားများ ဆောင်ရွက်ခဲ့ရာ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ပိုင် အဆောက်အအုံမရှိသော ကျေးရွာများတွင် အဆောက်အအုံများ ဆောက်လုပ်ရေး၊ စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေးဟောပြော ဆွေးနွေးသည်။

ခြုံငုံသုံးသပ်

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညွန့်နှင့်ကျေးရွာရှိ စာဖတ်ပရိသတ်များက ဒို့ကျေးရွာဂျာနယ်အတွဲ (၄)၊ အမှတ် (၁၅)ပါ ဦးသန်းထွန်း(ရွှေဘို)၏ ငွေကိုသုံးခြင်းနှင့် စွဲခြင်း ဆောင်းပါးကို တစ်ပိုဒ်ချင်းဖတ်၍ အဓိပ္ပာယ်ကို ရှင်းလင်းဆွေးနွေးရာ ခရိုင်ဦးစီးအရာရှိက ဆောင်းပါးတစ်ခုလုံး၏ အဓိပ္ပာယ်နှင့် စာဖတ်သူများ၏ စာဖတ်နည်းအဓိပ္ပာယ် ရှင်းလင်းမှုများကို ခြုံငုံသုံးသပ်သည်။**(ယာပုံ)**

ထို့နောက် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်မှတ်ပုံတင်ကတ်များကို ကျေးရွာဥက္ကဋ္ဌများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှူလာစို့

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ၁လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဇူလိုင်၂၆ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဖြူးမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းဆောင်ရွက်

ဖြူး ဩဂုတ် ၁၇

ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနတို့ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းများနှင့် ခြင်များပေါက်ပွားခြင်းမှ ဟန့်တားနှိမ်နင်းရေးအတွက် ဖြူးမြို့နယ်အတွင်းရှိ ဈေးများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်အတွင်းသို့ ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ရက်က ဖြူးမြို့မဈေးကြီးအတွင်း ဆေးဖျန်းကိရိယာဖြင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဇော်စန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ်စည်ပင်)



နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၈ ရက်က မြို့တွင်းလမ်းမကြီး ဘေးဝဲယာချုံနွယ်များနှင့် ပေါင်းမြက်ရှင်းလင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်မင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့ ဒေါနလမ်း ကျောက်ချော လမ်းခင်း

မြင်းခြံ ဩဂုတ် ၁

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်၁၈ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် အမှတ်(၁၉)ရပ်ကွက် ဒေါနလမ်း ကျောက်ချောခင်းမှုကို ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်မာလာက လမ်းခင်းမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၁၄၂၀၊ အကျယ်၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၅သိန်းဖြင့် ဆောင်ရွက်မည့် ကျောက်ချောလမ်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

22-8 (16) 1 8/22/07, 4:07 AM



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန သစ်လုံးရောင်းဌာနစု (၂)တို့၏ အဋ္ဌမအကြိမ် ဒုလ္လဘရဟန်းခံ၊ ရှင်ပြုအလှူတွင် မန်နေဂျာဦးလှအောင်က အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူ

ဟားခါး ဩဂုတ် ၈

ချင်းပြည်နယ် ဟားခါးမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဇူလိုင် ၁၀ ရက်က ဆေးရုံလမ်းဘေးဝဲယာ တစ်လျှောက်တွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သဲ၊ နုန်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဒေါ်အေးအေးမြင့် မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းအမှတ် (၂၁၄) ပထမထပ်နေ ဆရာ ဦးအောအောညွန့်–ဒေါ်အေးအေးမြင့်၊ သမီး မစောယုမြတ်၊ သား မောင်ဝေယံဟိန်း မိသားစုက တာမွေ မြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းကြည်က လက်ခံယူစဉ်။ (က–ပ)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စုပေါင်းခြင်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်

ငပုတော ဩဂုတ် ၂၀

ငပုတောမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး စီမံချက်ကို ဩဂုတ် ၁၄ ရက်က ငပုတောမြို့ မြို့မဈေးနှင့်ပတ်ဝန်းကျင် အမက (၂၊၃၊၄) ငပုတောတောင်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်အတွင်းရှိ ရေမြောင်းများ၊ နောက်ဖေးလမ်းကြားများနှင့်အိမ်များ၊ ကိုယ့်အားကိုယ်ကိုးနေ့ကလေးထိန်းကျောင်းနှင့်ရွှေဝါထွန်းရပ်ကွက်မှအိမ်များကို ခြင်ဆေးဖျန်းပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆေးဖျန်းခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင် ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် မုဒုံမြို့နေ ဒေါ်ခင်ကြည် ဦးဆောင်သည့် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းသည့် ကျောင်းအလှူငွေကျပ် သုံးသိန်းလေးသောင်းခုနစ်ထောင်ကို လှူဒါန်းရာ အမှုဆောင် ကိုစိုးသိန်းက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ ဟိုပန်၌ကျင်းပ

ဟိုပန် ဩဂုတ် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့ တွင် စုပေါင်းခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုး ပွဲတော်ကို ဩဂုတ် ၂ရက် နံနက် ၉နာရီက မြို့နယ် စိုက်ပျိုးရေးခြံ နောင်ပိုကျေးရွာသွား လမ်းဘေးမြေနေရာ၌ ကျင်းပသည်။

အဆိုပါ ခြံစည်းရိုး ကြက်ဆူ စိုက်ပျိုးပွဲတော်သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင် သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီတို့က တက်ရောက် စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီတို့က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်၌ စိုက်ပျိုးနေကြသည့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ နှင့် ဒေသခံပြည်သူများ အား လိုက်လံကြည့်ရှုအားပေးပြီး မြို့နယ် ပြည်သူ့ဆေးရုံ၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့တွင်းသို့ ကြည့်ရှုစစ်ဆေး ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံရှေးဦးသူနာပြုစုနည်း သင်တန်းဖွင့် သဘောတရားနှင့် တာဝန်များ ရှင်းလင်း

မိုင်းဖြတ် ဩဂုတ် ၁၇

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံရှေးဦးသူနာပြုစုနည်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂နာရီက မိုင်းဖြတ်မြို့နယ် ဘုရင့်နောင်ခန်းမ၌ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်စိုးဝင်း၏ဇနီး ဒေါ်အေးအေးနွဲ့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်က ရှေးဦးသူနာပြုစုခြင်း သဘောတရားနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်နှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များနှင့် သင်တန်းသူ ၅၀တို့ တက်ရောက်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

မဘိမ်း ဩဂုတ် ၅

မဘိမ်းမြို့ အထက မြသီတာခန်းမ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မြို့နယ် အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းဦးက မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ဖြစ်မှုဆိုင်ရာအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ် တရားသူကြီး ဦးချစ်မြတ်က မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု ဆိုင်ရာဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာတို့ ဩဂုတ် ၁၃ရက်က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးကြစဉ်။ (မြို့နယ်ပညာရေး)

သာယာလှပရေး

လှိုင်ကော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဘူတာလမ်း တစ်လျှောက်ရှိ ပင်လယ်ကဗွီးပင်များ ညှပ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဇူလိုင် ၁၈ရက်က အမှုဆောင်အရာရှိ ဦးညိုဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)



အင်္ဂပူမြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာရည်ချွန်ဆု ပေးအပ်ပွဲကျင်းပ

အင်္ဂပူ ဩဂုတ် ၈

အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်မာဝေက အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့်စည်းကမ်းချက်များကိုရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် အင်္ဂပူမြို့နယ် အတွင်းမှဆေးတက္ကသိုလ်၊နည်းပညာတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာတက္ကသိုလ်များသို့ တက်ရောက် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူ ၁၇ဦးတို့အား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင် ဆုငွေကျပ် ၁၁ ဒသမ ၄ သိန်းကို ပေးအပ်ကြောင်း သိရသည်။

(၁၃၁)

တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်

ရန်ကုန် ဩဂုတ် ၂၁

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၆ အပိုဒ်ခွဲ (၄) အပိုဒ်ခွဲငယ်(က)တွင် “တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ “တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” ဆိုတဲ့ စကားရပ်အစား “တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်း ဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်”လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

“တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ–

“တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”

ဆိုတဲ့ စကားရပ်အစား–

“တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်”

လို့ အသေးစိတ်အခြေခံရမည့်မူကို ပြင်ဆင်၍ ချမှတ်ရန်သင့်လျော်ကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အခြေခံရမယ့် မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက် ပါရှိတာကို လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက် ပြောင်းရွှေ့သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက်လည်း ယခင်က ချမှတ်ခဲ့သည့်–

“တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”

ဆိုသည့် စကားရပ်အစား–

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်ပျက်ပြားစေရန်နှင့် အမျိုးသားညီလာခံ ပျက်ပြားစေရန် ဆန္ဒပြသွေးထိုးလှုံ့ဆော်ခဲ့ကြသူများအား သက်ဆိုင်ရာက ခေါ်ယူထိန်းသိမ်း

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်အစိုးရသည် ပြည်သူများလိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်အကောင်အထည်ဖော်

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပထမဦးဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးမှ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းရေးဆွဲလျက်ရှိရာ မကြာမီပြီးဆုံးတော့မည်ဖြစ်သည်။ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးစီးပါက အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲကာ ပြည်သူ့ဆန္ဒခံယူပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ထို့အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိရာ ယခုအခါ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

စီမံဆောင်ရွက်လျက်ရှိ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအပေါ် မလိုလားမရှုဆိတ်သော၊ ၎င်းတို့အာဏာရရှိရေးကိုသာ ရှေးရှုလုပ်ဆောင်နေသော ပြည်တွင်းပြည်ပ အဖျက်သမားများသည် အမျိုးသားညီလာခံကြီး အောင်မြင်မှုမရှိအောင်၊ ပျက်ပြားအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ၈၈ အရေးအခင်းကဲ့သို့ လူထုအုံကြွမှုဖြစ်ပေါ်အောင် ဆောင်ရွက်ရေးနှင့် ဥပဒေအတွင်း ဆန့်ကျင်လှုပ်ရှားမှုမျိုးစုံ ပြုလုပ်ရေးဟူသည့် မဟာဗျူဟာ(၃)ရပ်ချမှတ်၍ နိုင်ငံတော်အစိုးရပြုတ်ကျစေရန် စီမံဆောင်ရွက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းများကြိုတင်ရရှိခဲ့သည်။

ပြည်တွင်းပြည်ပအဖျက်သမားများသည် ဩဂုတ် ၁၅ ရက်မှစ၍ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုအပေါ် အခွင့်ကောင်းယူ ခုတုံးလုပ်ပြီး ၎င်းတို့၏မဟာဗျူဟာ(၃)ရပ် အောင်မြင်အောင် ပြည်သူလူထုအတွင်း သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်လာကြသည်။

သွေးထိုးလှုံ့ဆော်ခဲ့

ထိုသို့လုပ်ဆောင်မှုများတွင် တရားမဝင်ဖွဲ့စည်းပြီး ဖျက်သိမ်းပြီးဖြစ်သည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများအဖွဲ့(MDC)မှ ထင်ကျော်(ခ)ကျော်ထင်သည် ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် (DVB) အသံလွှင့်ဌာနနှင့်ဆက်သွယ်၍ စက်သုံးဆီဈေးနှုန်းတိုးမြှင့်မှုကို အကြောင်းပြလျက် ဩဂုတ် ၂၂ ရက်မှစတင်ကာ နိုင်ငံအနှံ့တွင် လူထုဆန္ဒပြပွဲများ လုပ်ဆောင်သွားမည်ဟု အင်တာဗျူးလုပ်ကာ လူထုအုံကြွမှုပေါ်ပေါက်လာစေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁